ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အခွန်အယူခံခုံအဖွဲ့

**ညွှန်ကြားချက်အမှတ် ( ၂ / ၂၀၂၃ )**

(၁၃၈၅ ခုနှစ် ၊ တော်သလင်းလဆန်း ၁၂ ရက်)

၂၀၂၃ ခုနှစ်၊ စက်တင်ဘာ လ ၂၆ ရက်

၁။ အခွန်အယူခံခုံအဖွဲ့သည် အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၄၂ ၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အခွန်အယူခံခုံအဖွဲ့သို့ လျှောက်ထားသည့် ပြန်လည်သုံးသပ်မှုနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၄၇ ပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်စေရေးနှင့် အခွန်အယူခံခုံအဖွဲ့က ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်အပေါ် ပြန်လည်သုံးသပ်ပေးပါရန် လျှောက်ထားသူများက သိရှိလိုက်နာနိုင်ရေးတို့အတွက် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ လျှောက်ထားသူသည် အယူခံမှုဝင်ရောက်စဉ်က လုံ့လဝီရိယ စိုက်ထုတ်ရှာဖွေခဲ့သော်လည်း မသိရှိ၊ မတင်ပြနိုင်ခဲ့သော အရေးကြီးသည့် အကြောင်းအရာသစ် သို့မဟုတ် သက်သေခံချက်အသစ်ကို တွေ့ရှိခြင်းကြောင့်ဖြစ်စေ၊ အမှုတွဲတွင် ပေါ်လွင်ထင်ရှားသည့် မှားယွင်းမှု သို့မဟုတ် ပျက်ကွက်မှု တစ်စုံတစ်ရာကို တွေ့ရှိရခြင်းကြောင့်ဖြစ်စေ၊ အခြားလုံလောက်သော အကြောင်းပြချက်တစ်ရပ်ရပ်ရှိခြင်းကြောင့်ဖြစ်စေ အယူခံမှုတွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက် တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ပေးပါရန် ခုံအဖွဲ့သို့ပင် လျှောက်ထားနိုင်သော်လည်း တရားမကျင့်ထုံးဥပဒေ အမိန့် ၄၇၊ နည်းဥပဒေ ၁ ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါအကြောင်း အချက်များနှင့် ပြည့်စုံမှုရှိရမည် -

(က) သက်သေခံချက် အသစ်တွေ့ရှိသည် ဟူသော အကြောင်းပြချက်ဖြင့် လျှောက်ထားရာတွင် လျှောက်ထားသူအနေဖြင့် ထိုက်သင့်သော လုံ့လပြုမှုဖြင့် ဆောင်ရွက်ပါလျက် ယင်းသက်သေခံချက် တည်ရှိနေခြင်းကို လျှောက်ထားသူက သိရှိခဲ့ခြင်းမရှိကြောင်း တိကျခိုင်လုံစွာ သက်သေထင်ရှား ပေါ်လွင်ရမည်၊

(ခ) ယင်းသက်သေခံချက်သည် စပ်ဆိုင်မှုရှိရမည့်အပြင် ယင်းသက်သေခံချက်ကို လက်ခံပါက ဆုံးဖြတ်ချက်ကို တစ်မျိုးတစ်ဖုံ ပြောင်းလဲမှု ဖြစ်နိုင်စေရမည်။ တင်ပြ

သည့် သက်သေခံချက်အသစ်သည် အမှုကိုအပြီးသတ် သက်သေထင်ရှားစေမည် ဖြစ်ကြောင်း ပေါ်လွင်စေရမည်၊

(ဂ) အမှုတွဲတွင် ပေါ်လွင်ထင်ရှားသည့် မှားယွင်းမှု သို့မဟုတ် ပျက်ကွက်မှုကို ပြန်လည်သုံးသပ်ပေးရန် တင်ပြချက်နှင့်စပ်လျဉ်း၍မှားယွင်းကြောင်း သို့မဟုတ် ပျက်ကွက် ကြောင်းပေါ်လွင်စေရန် ပြင်ပအထောက်အထားမလိုဘဲ သိသာထင်ရှား သည့် မှားယွင်းမှု သို့မဟုတ် ပျက်ကွက်မှု ဖြစ်ရန်လိုအပ်သည်၊

(ဃ) အခြားလုံလောက်သောအကြောင်းပြချက်နှင့်စပ်လျဉ်း၍ အမှုအားပြန်လည် သုံးသပ်ပေးပါရန် လျှောက်ထားမှုအတွက် အကြောင်းပြချက်သည် အခွန်အယူခံ ခုံအဖွဲ့က ယုံကြည်လက်ခံနိုင်သောအကြောင်းပြချက် ဖြစ်မှသာ လျှောက်ထားချက် ကိုလက်ခံမည်ဖြစ်သည်၊

(င) ပြန်လည်သုံးသပ်မှုအတွက် အကြောင်းပြချက်မှာ အယူခံမှုဆုံးဖြတ်ချက် ချမှတ်ပြီး နောက်မှ ပေါ်ပေါက်လာသော ဖြစ်ရပ်တစ်ခုကို အထောက်အထားပြု၍ အကြောင်း ပြလျှောက်ထားခြင်းမျိုးမဖြစ်စေရ၊

(စ) အယူခံမှုတွင်တင်ပြခဲ့သော အကြောင်းပြချက်များကို အခြားရှုထောင့်အမျိုးမျိုးမှ ထပ်မံတင်ပြထားသည့် ထပ်တူအကြောင်းအရာများ မဖြစ်စေရ။

၃။ ပြန်လည်သုံးသပ်မှု လျှောက်ထားချက်ကို အထက်အပိုဒ် ၂၊ အပိုဒ်ခွဲများတွင် ဖော်ပြထား သည့် အကြောင်းအချက်များ ညီညွတ်မှု ရှိ မရှိ ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်များက စိစစ်သုံးသပ်၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၄၇၊ နည်းဥပဒေ ၄ အရ လျှောက်ထားချက်ကို လက်ခံခြင်း သို့မဟုတ် ကနဦးအကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်းပြုရမည်။ လက်ခံခြင်း သို့မဟုတ် ငြင်းပယ် ခြင်းကို တရားမကျင့်ထုံးဥပဒေ အမိန့် ၄၇၊ နည်းဥပဒေ ၆ နှင့်အညီ အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်အများစု၏သဘောထားဆန္ဒဖြင့် ဆုံးဖြတ်ပြီး လျှောက်ထားချက်အား ငြင်းပယ် ပါကအကြောင်းပြချက်နှင့်အတူ လျှောက်ထားသူထံ ပြန်ကြားရမည်။ တရားမကျင့်ထုံးဥပဒေ အမိန့် ၄၇၊ နည်းဥပဒေ ၇ အရ ပြန်လည်သုံးသပ်ပေးပါရန် လျှောက်ထားချက်ကို ငြင်းပယ် ခြင်းအပေါ် အယူခံဝင်ခြင်း သို့မဟုတ် ပြန်လည်သုံးသပ်ပေးပါရန် လျှောက်ထားခြင်းအား ခွင့်ပြု

မည်မဟုတ်ပါ။ လျှောက်ထားချက်ကိုလက်ခံပါက အခွန်အယူခံခုံအဖွဲ့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၄။ ဤညွှန်ကြားချက်သည် ထုတ်ပြန်သည့်နေ့မှစတင်၍ အကျိုးသက်ရောက်ရမည်။

၅။ အခွန်အယူခံခုံအဖွဲ့၏ ၁၄-၆-၂၀၂၂ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၂/၂၀၂၂ ကို ဤညွှန်ကြားချက်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

မြင့်ဦး

ဥက္ကဋ္ဌ

စာအမှတ် ၊ အခယ (ဖွဲ့) / ၆ / ၀၃ ( ၄ ၁၅ /၂၀၂၃)

ရက် စွဲ ၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ လ ၂၆ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁)

အဖွဲ့ဝင်များ ၊ အခွန်အယူခံခုံအဖွဲ့

ဥက္ကဋ္ဌရုံးခန်း၊ အခွန်အယူခံခုံအဖွဲ့

ညွှန်ကြားရေးမှူးချုပ် ၊ အခွန်အယူခံခုံအဖွဲ့ရုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

ညွှန်ကြားရေးမှူးချုပ် ၊ ပြည်တွင်းအခွန်များဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ် ၊ အကောက်ခွန်ဦးစီးဌာန

မှတ်ပုံတင်အရာရှိ ၊ အခွန်အယူခံခုံအဖွဲ့ရုံး

ကြော်ငြာသင်ပုန်း

မိတ္တူကို

- ရုံးလက်ခံ
- မျှောစာတွဲ